ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၂၀

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်

( ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၁ ရက် )

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်သွယ်မှုလျှင်မြန်ချောမွေ့စေရန် ပို့ကုန်သွင်းကုန်လိုင်စင်များကို ဈေးနှုန်းစိစစ်ခြင်းမပြုဘဲ ကုမ္ပဏီများက တင်ပြသည့် ဈေးနှုန်းနှင့် တန်ဖိုးအတိုင်း ခွင့်ပြုခဲ့သော်လည်း ကုမ္ပဏီများက အခွန်ရှောင်ရန် ရည်ရွယ်၍ မမှန်မကန် ဆောင်ရွက်ကြောင်း တွေ့ရှိရသဖြင့် တင်ပို့၊ တင်သွင်းခဲ့သော ဈေးနှုန်းများကို ပြန်လည်စိစစ်မည့် လုပ်ထုံးလုပ်နည်းများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ အမှတ် (၃၈/၂၀၁၇) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

၂။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန (ယခင်-စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန) သည် ကုန်သွယ်မှုလျှင်မြန်ချောမွေ့စေရေး သဘောတူညီချက်၏ အပိုဒ် ၇.၅ အရ လည်းကောင်း၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ Guideline အရ လည်းကောင်း အကောက်ခွန်ဆိုင်ရာ နှောင်းစာရင်းစစ်ဆေးခြင်း လုပ်ထုံးလုပ်နည်းများကို အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၇) ဖြင့် ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ လုပ်ငန်းရှင်များက လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရာတွင် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်နှင့် လုပ်ငန်းစဉ်များ ရောထွေးမှုမဖြစ်ပေါ်စေရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၁၇) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

( ပုံ ) ဒေါက်တာသန်းမြင့်

ပြည်ထောင်စုဝန်ကြီး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာအမှတ် ၊ စကထ-၁၁/၂-၁၈/၂၀၂၀ ( ၂၁ )

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၅ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံး
အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံပြန်တမ်းတွင်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } ထည့်သွင်းကြေညာပေးပါရန်
ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
( ညီနောင်အသင်းအဖွဲ့များထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ )

အမိန့်အရ

( မြင့်လွင် )
ညွှန်ကြားရေးမှူးချုပ်